မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၃၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စဘရွန်တီ နာဒင်း မိုလက်စ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စဘရွန်တီ နာဒင်း မိုလက်စ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကင်မ်ဟေးယွန်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကင်မ်ဟေးယွန်သည် ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၂၅ ရက်)

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အမျိုးသားပညာရေးဖော်ဆောင်

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးသည် အရေးပါလျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကအချက်အနေဖြင့် ပါဝင်နေသည်ကို တွေ့ရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး စုပေါင်းခန်းမ၌ မေလ ၂၄ ရက်က ကျင်းပရာ နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော် ဒုတိယသမ္မတက "ပြောင်းလဲလာသည့် အခြေအနေ၊ ပြောင်းလဲနေသည့် အချိန်အခါအရ မြန်မာနိုင်ငံပညာရေးကို ကမ္ဘာ့အဆင့်၊ နိုင်ငံတကာအဆင့်ထဲ ပိုမိုဝင်ဆံ့နိုင်အောင် နောက်ထပ်ပြုပြင်ပြောင်းလဲဖြည့်စွက်ရမည့် လိုအပ်ချက်များလည်း ရှိသေးသည့်အတွက် ယခုကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင် ဆရာ ဆရာမကြီးများကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်၍ ထိုမှတစ်ဆင့် မိမိတို့မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံးပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း" ဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ပြောင်းလဲတိုးတက်လာသော်လည်း နိုင်ငံတကာအဆင့်မီဖြစ်ရန် ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်မှုများပြုလုပ်ရန် လိုအပ်နေသေးသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် အမျိုးသားပညာရေးမျိုး လိုအပ်လျက်ရှိရာ လိုအပ်သောပညာရေးမျိုးကို အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍဟူ၍ခွဲခြားပြီး အလုပ်ရုံဆွေးနွေးပွဲ၌ အဓိကထားဆွေးနွေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ကဏ္ဍနှစ်ခုစလုံး၏ အားနည်းချက်၊ အားသာချက်များကို ရှာဖွေဆန်းစစ်ပြုပြင်ပြောင်းလဲစရာရှိသည်များကို ဆွေးနွေးတိုင်ပင်ကြပြီး အလုပ်ရုံဆွေးနွေးပွဲမှ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် မြန်မာနိုင်ငံနှင့် သင့်တော်သည့် အကောင်းဆုံး ပညာရေးစနစ်တစ်ခု၊ လက်တွေ့ကျသော ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်အား World Food Programme မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Carlos Velos သည် မေ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး WFP အနေဖြင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ဒါစနစ်ဖြင့် ဝယ်ယူလိုခြင်းကိစ္စ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူမှုရှိစေပြီး စရိတ်သက်သာမှုဖြစ်စေရေးဆိုင်ရာကိစ္စ၊ စိုက်ပျိုးထုတ်လုပ်သယ်ယူပို့ဆောင် ရောင်းဝယ်မှုများနှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းစသည်တို့ ကျင်းပနိုင်မည့် အခွင့်အလမ်းများကိစ္စ စသည်တို့ကို ဆွေးနွေးကြသည်။

ဆွေးနွေး

အလားတူ The Japanese Chamber of Commerce, Yangon (JCCY) ဥက္ကဋ္ဌ Mr.Manabu Takeuchi၊ အထွေထွေအတွင်းရေးမှူး Mr. Toshihiro Mizutani (Secretary, Managing Director of JETRO, (Yangon)တို့သည် မွန်းလွဲပိုင်းက လာရောက်တွေ့ဆုံပြီးပရိဘောဂလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံ၊ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**



စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၂၀ ရက် နံနက် ၇ နာရီခွဲက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ရွှေဘို-အင်းတော်လမ်းပိုင်း မိုင်တိုင်အမှတ် (၄၅/၂) နှင့် (၄၅/၃) ကြား၌ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းသားမျက်နှာပြင်ညှိခြင်း ဆောင်ရွက်နေမှု၊ ရွှေဘို-မြစ်ကြီးနားလမ်း(အင်းတော်-နန့်စီးအောင်)အပိုင်းနှင့် (ကသာ-အင်းတော်)အပိုင်းတို့တွင် အသုံးပြုသည့် စက်၊ ယာဉ်၊ ယန္တရားများနှင့် ကတ္တရာခင်းရန်အတွက် ကတ္တရာပုံးများ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်း ပညာရေးကောလိပ် မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် မေ ၂၄

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် (၁၀)နှစ်မြောက် မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကာတွန်း၊ စာညွှန်း စသည့် စာမူများကို မြန်မာ၊ အင်္ဂလိပ်နှစ်သက်ရာဘာသာဖြင့် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ရန်ကင်းပညာရေးကောလိပ် ဖုန်း-၅၆၆၆၁၄၊၅၆၆၆၁၅၊ ၅၆၂၉၇၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ (ဝ၄၃)

ကွင်းဆင်း စစ်ဆေး

သရက်မြို့နယ် ဖောင်းကအိုင့်ကျေးရွာ သောက်သုံးရေ ရရှိမှုကို မေ ၁၈ ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်း ကွင်းဆင်းစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ကွန်ပျူတာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၄

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် Soft Guide Computer Co., Ltd. တို့ ပူးပေါင်းဖွင့်လှစ်သည့် ICT Development & Application (၃/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၃ ရက်က အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က အမှာစကားပြောကြားပြီးနောက် Soft Guide Computer Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းညွှန့်က ကွန်ပျူတာသင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြသည်။**(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာကင်မ်ဟေးယွန်က ၄င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်
ကဆုန်လပြည့်ကျော် ၈ ရက်
(ဥပုသ်နေ့)
၂၅-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၅ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ **ရှင်နှောင်းကျောင်းရောက်ပြီ**
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အဆိုပြိုင်ပွဲ
- ၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၄၅ ၅။ **စည်းကမ်းလိုက်နာဘေးကင်းမှာ**
- ၅:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၈။ သီချင်းကြီးပဒေသာ
- ၅:၂၅ ၉။ **အရက်နှင့်ကျန်းမာရေး** (အပိုင်း-၁)
- ၅:၄၅ ၁၀။ International Science News
- ၅:၅၀ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
- ၆:၃၅ ၁၅။ ရွှေရင်ခုန်သံ
- ၆:၅၅ ၁၆။ ဗိုလ်ကလေး တင့်အောင်၏ ဘဝစာမျက်နှာများ
- ၇:၄၀ ၁၇။ အလင်္ကာကျော်စွာ မြို့မငြိမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသော မေတ္တာ** (အပိုင်း-၆၁)
- ၂၃။ မြန်မာဗီဒီယိုဇာတ်လမ်း **သားအချစ်၊ မြေးအနှစ်** ထက်ထက်မိုးဦး၊ ချို့ပြုံး (ဒါရိုက်တာ-အောင်ဇပါဝါ)
- ၂၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
- ၂၅။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား သြစတြေးလျနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၄

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီး မစ္စဘရွန်တီ နာဒင်း မိုလက်စ်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဗိုလ်မှူးကြီးအောင်သော်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စဘရွန်တီ နာဒင်း မိုလက်စ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ်နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Kim Sok Chol **(အောက်ပုံ)** သည် ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းတုန်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မေ ၁၇ ရက် နံနက်ပိုင်းတွင် မင်းလှမြို့နယ် ကန်တုတ်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု၊ ပုသိမ်-မုံရွာလမ်း၊ မင်းလှ-မင်းတုန်းလမ်းအပိုင်းမှ မင်းတုန်းချောင်းကိုဖြတ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၁၁)နှင့် (၁၄)တို့မှ တာဝန်ယူတည်ဆောက်နေသော အရှည်ပေ ၁၈၀၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်အမျိုးအစား မင်းတုန်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် သရက် သစ်ထုတ်လုပ်ရေးဒေသ ဝန်တွင်းသစ်ဆိပ်၌ ထုတ်လုပ်ထားပြီး ပျဉ်းကတိုး သစ်တန် ၂၀၀၀ သစ်စက်သို့ ပို့ဆောင်ရန် ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ကံမမြို့နယ် မဒေးရေလှောင်တမံ ရေသောက်ဧရိယာအတွင်းရှိ ထန်းကောက်ကျေးရွာ၌ ရွှေမြန်မာ၊ ရတနာတိုး ရက် ၉၀ နှမ်းစပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကိုလည်းကောင်း၊ သရက် ဘိလပ်မြေစက်ရုံ၌ ဘိလပ်မြေများ ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၁၈ ရက် နံနက်ပိုင်းတွင် သရက်ခရိုင် အထွေထွေရောဂါကုဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး အောင်လံမြို့နယ် ရွှေပန်းတော တိုက်နယ်ဆေးရုံ၌ ကျင်းပသည့် ဓာတ်မှန်စက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ ဓာတ်မှန်စက်နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက တိုက်နယ်ဆေးရုံအတွက် စုစုပေါင်းအလှူငွေကျပ် ၆၇ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာအတွက် အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။**(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် နေပြည်တော်တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc,psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Maj.Gen Anup Kumar Chakma, ndc,psc နှင့် စစ်သံမှူး Brig .Gen Md. Shahidul Haque, ndc, psc တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc,psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး လားရှိုးမြို့၌ ကွင်းဆင်းစစ်ဆေး

လားရှိုး မေ ၂၄

လားရှိုးမြို့နယ်တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းကို စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(စီမံရေးရာ) ဦးသိန်းဝင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးသန်းထွဋ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦး၊ လားရှိုးခရိုင် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းနှင့်အဖွဲ့သည် မေ ၁၃ ရက်က လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာတွင် စိုက်ဧက မှန်ကန်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြသည်။

ပြီးစီးမည်

လားရှိုးမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၇၈ အုပ်စု၊ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ရှိ ကွင်းပေါင်း ၂၉၈ ကွင်းနှင့် အကွက်ပေါင်း ၁၃၃ ကွက်တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းများကို ဧပြီ ၆ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ မေ ၃၀ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုခေတ္တရပ်နားမည်

နေပြည်တော် မေ ၂၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) 9 Meter Earth Station ရှိ Satellite Uplink စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို မေ၂၆ ရက် ည ၁၁ နာရီခွဲမှ ၂၇ ရက် နံနက် ၄ နာရီအတွင်း ဆောင်ရွက်သွားမည် ဖြစ်သဖြင့် ယင်းကဲ့သို့ ဆောင်ရွက်နေစဉ်အတွင်း ရန်ကုန်မြို့မှ အပ MRTV-4 နှင့်ဆက်စပ်ရုပ်သံလိုင်းများထုတ်လွှင့်မှုကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း၊ MRTV-4 နှင့် ဆက်စပ် ရုပ်သံလိုင်းများ ထုတ်လွှင့်ပေးနေသော နယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများနှင့် နေပြည်တော် (တောင်ညို) CATV Headend တို့မှလည်း ထိုအချိန်တွင် ထုတ်လွှင့်မှုများ ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် တေးဥယျာဉ်လမ်းမကြီး (တိုးချဲ့ကွက်သစ်) ဝဲ/ယာ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်စိုးနှင့် လမ်းသူလမ်းသားများ မေ ၂၁ ရက်က စုပေါင်းတူးဖော်ရှင်းလင်းကြစဉ်။ (၁၃၅)

ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေး ကြိုးပမ်း နိုင်ငံတော်တွင် စည်းကမ်းကောင်းမွန်သော မျိုးဆက်သစ်များဖြစ်ပေါ်ရေး ပြုစုပျိုးထောင်

ပညာသင်ကြားရေးအပိုင်း ဆရာ၊ မိဘ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၄

နေပြည်တော်ကောင်စီ နယ်မြေ ပညာရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွှန့်**(အပေါ်ပုံ)**က အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်ထားပြီးဖြစ်သည့် အခြေခံပညာကျောင်း ၅၉၄ ကျောင်းအနက်မှ ဥပမိရုပ် ကောင်းမွန်ရန်လိုအပ်သည့် အခြေခံပညာကျောင်း ၅၂ ကျောင်းကို နိုင်ငံတော်အစီအစဉ်နှင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် အသစ်တည်ဆောက်ခြင်း၊ ပြန်လည် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ ကျောင်းများအတွက် ပညာရေးဝန်ထမ်းလိုအပ်ချက်များကိုလည်း ပြည့်မီအောင် ဖြည့်တင်းပေးပြီး ဖြစ်ကြောင်း။

အဆိုပါကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ မိဘ၊ ရပ်ကွက်၊ ကျေးရွာ၊ ပြည်သူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း ထိန်းသိမ်းစေလိုကြောင်း။

ပြုစုပျိုးထောင်

ဆရာ ဆရာမများအနေဖြင့် ပညာရည်အဆင့်အတန်း မြင့်မားရေးသာမက ကျောင်းသား ကျောင်းသူများကိုလည်း တစ်ဦးချင်းစည်းကမ်းမှသည် ရပ်ကွက်၊ ကျေးရွာ စည်းကမ်းကောင်းမွန်ပြီး နိုင်ငံတော်တွင် စည်းကမ်းကောင်းမွန်သော မျိုးဆက်သစ်များဖြစ်ပေါ်လာရေး ပြုစုပျိုးထောင်ပေးသွားရန် လိုအပ်ကြောင်း။

ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရ စားပင်များ၊ ရတနာ့တန်းဝင်သစ်ပင်ကြီးများ၊ နှစ်ရှည်နှင့် ရာသီပန်းအလှပင်များ စိုက်ပျိုးသွားကြရန် လိုကြောင်း။

ဆောင်ရွက်ပေး

ကျောင်းသား ကျောင်းသူများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေးတို့ကို ဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေးက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ ပညာရေးဆိုင်ရာ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ အခြေခံပညာအရည်အသွေး မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းအုပ်ကြီးများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ဘဏ္ဍာငွေသုံးစွဲမှုလုပ်ငန်းများ အားစိုက်ရန်မလိုတော့သဖြင့် ပညာသင်ကြားရေးအပိုင်းကိုသာ ဆရာ၊ မိဘ ပူးပေါင်းပြီး ဆောင်ရွက်သွားရန်လိုကြောင်း။

မှာကြား

သတ်မှတ်ထားသော ကျောင်းနယ်မြေအလိုက် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ရောက်လာနိုင်ရေး၊ ကျောင်းနေမြဲရေးနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွေးနွေးပြောကြား

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယနေ့တွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၂၄

ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများနှင့် တက်ရောက် လာကြသူများက လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆက်လက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြပြီး ဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်များကို ညနေ ၃ နာရီခွဲတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

စာရေးနည်း လမ်းညွှန်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာ အလှူလုပ်ငန်း ကော်မတီက ကြီးမှူးဖွင့်လှစ်ပြီး ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာနှင့် ဆောင်းပါးရေးနည်း အခြေခံများကို ပို့ချမည့် စာရေးနည်းလမ်းညွှန် သင်တန်း အမှတ်စဉ် (၂/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌွေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEP International Limited မှ Chief Executive Officer Mr. Anon ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးသည် အထူးအရေးကြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ပေါင်းစပ်ညှိနှိုင်း

နေပြည်တော် မေ ၂၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မေ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသော ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲ အတားအဆီးများ နည်းပါးရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ နယ်စပ်ကုန်သည်အသင်း၊ ကုန်စည်ဒိုင်နှင့် အထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီလုပ်ငန်းရှင်များ၊ စုစုပေါင်း ၃၈၁ ဦး တက်ရောက်ကြသည်။

ပေါင်းစပ်ညှိနှိုင်း

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း၊ ဈေးကွက်သစ်များရရှိရေး၊ ရရှိပြီး ဈေးကွက်ခိုင်မာစေရေးနှင့် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးသည် အထူးအရေးကြီးကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုမှတစ်ဆင့် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းသုံးစွဲမှု ဖူလုံသည့်အပြင် ကုန်ဈေးနှုန်းလည်း ပိုမိုတည်ငြိမ်လာမည်ဖြစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ကုန်သည်လုပ်ငန်းရှင်များ တွေ့ကြုံနေသည့် အတားအဆီးအခက်အခဲများကိုကျော်လွှားနိုင်ရန်နှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ယခုလိုတွေ့ဆုံရခြင်းဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင် ၈၀ ကျော်တို့က ၎င်းတို့တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ကုန်သွယ်မှုနှင့်ပတ်သက်သည့် အတားအဆီးများကို တင်ပြကြရာ သက်ဆိုင်ရာဌာနနှင့် အသင်းအဖွဲ့အသီးသီးတို့မှ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများက လက်ရှိဖြစ်ပေါ်နေသော ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုင်စင်များမှန်ကန်စွာ လျှောက်ထားရေး၊ လိုင်စင်ဖောက်ဖျက်မှုများ မဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ ဈေးနှုန်းများမှန်ကန်စေရေး၊ ကုန်ပစ္စည်းအရည်အသွေးများ မှန်ကန်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများက ရောင်းချသော သီးနှံကုန်ပစ္စည်းများ အရည်အသွေး၊ အလေးချိန်များ မှန်မှန်ကန်ကန်ဖြစ်စေရေးနှင့် လတ်တလောဖြစ်ပေါ်နေသည့် ပဲတူခဲတူများ ပဲတွင်ရော၍ ရောင်းချနေခြင်းများကို ထိရောက်စွာ ဖော်ထုတ်ပြီး ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌွေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEP International Limited မှ Chief Executive Officer Mr. Anon ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ ဇော်တိကစီမံကိန်း အချိန်မီပြီးစီးရေး၊ လုပ်ကွက်အမှတ် M-3 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ ခိုအောင်းနေသော ပမာဏအား တွက်ချက်အတည်ပြုနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၆-၅-၂၀၁၁

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (ရတနသုတ်)
၇:၃၀ ဓမ္မပူဇာတေးပဒေသာ
၇:၃၅ (၃၈)ဖြာမင်္ဂလာ
နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (စကားကို ကောင်းစွာပြောဆိုအပ်၏)
၈:၃၅ တေးပဒေသာ
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ပန်းအိဖြူ)
၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ (အာကာသညစ်ညမ်းမှု)
၁၁:၅၅ တေးသီချင်း
၁၂:၀၀ စံတော်ချိန်
ဇာနည်စစ်သည်တေးပန်းချီ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ရိုးရာမပျက်တဲ့ မိုးဇာပြော)
၁၂:၃၀ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၃၀ အမှတ်တရတေးလက်ဆောင်
၁၇:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (ဘဝတိုက်ပွဲကို သည်းခံစိတ်ရှည် ရင်ဆိုင်လေ)
တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
နိုင်ငံရေးဦးတည်ချက်
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (**အသိနဲ့ သတိ**)
၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း
စီးပွားရေးဦးတည်ချက်
၁၉:၀၅ ညချမ်းချိန်ခါ တေးပဒေသာ
၁၉:၃၀ သုတစုံကြွယ်သိစေဖွယ် (ကမ္ဘာမြေနှင့် အပူလှိုင်းတွေရဲ့ နောက်ဆက်တွဲဆိုးကျိုးများ)
၁၉:၄၀ ရေဒီယိုအတိုတိုတေးအရိပ်
၂၀:၀၀ ပြည်တွင်းသတင်း
လူမှုရေးဦးတည်ချက်
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် မျိုးမျိုးနဲ့ ယုမီ)
၂၀:၅၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့-ခေတ်ပေါ်၊ ဆိုင်းဝိုင်း၊ သံစုံ)
၂၁:၀၀ ဆောင်းပါး (ပေါ့ပါးစွာ အပန်းဖြေခြင်း)
၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ်
ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပရိတ်တရားတော်များအကြောင်း စာတမ်းဖတ်ပွဲ ဖွင့်ပွဲကျင်းပ

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် (ရန်ကုန်)၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပရိတ်တရားတော်များအကြောင်း စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၄

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်) က ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပရိတ်တရားတော်များအကြောင်း စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသက အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

လျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဆရာတော် ဒေါက်တာ မနကထာ ခေမာနန္ဒက "သီရိလင်္ကာနိုင်ငံတွင် (ပရိတ်) အရံအတားရွတ်ဆိုလေ့ကျင့်မှုအကြောင်း" စာတမ်း၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဆရာတော် ဒေါက်တာ ဝါလမောရူဝေပီယ ရတနာက "သီရိလင်္ကာနိုင်ငံတွင် လူပုဂ္ဂိုလ်တို့ ဗုဒ္ဓအား ပူဇော်ပွဲနှင့် အထူးပူဇော်ပွဲများတွင် ပရိတ်ရွတ်ဆိုပုံ" စာတမ်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ဒုတိယကျောင်းထိုင် ဆရာတော် ဖရာဖုန်မွေလင်္ကာရောက "ထိုင်းနိုင်ငံတွင် မနက်ပိုင်းတရားထိုင်ခြင်းနှင့် ညနေပိုင်းရွတ်ဆိုခြင်း လေ့ကျင့်မှုသမိုင်း" စာတမ်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အဘိဓမ္မာဇောတိကကောလိပ် အဘိဓမ္မာဌာနမှ ကထိက ဆရာတော် ဖရာမဟာပရောညဏကုသလောက "ထိုင်းနိုင်ငံတွင် တစ်ဦးချင်း သီးခြားရွတ်ဆိုခြင်းနှင့် ပွဲတော်ချိန်ကာလတွင် အစဉ်အလာအတိုင်းဆုတောင်းခြင်းတို့အကြောင်း" စာတမ်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာတရာဇာသ ဗုဒ္ဓကောလိပ် ပူးပေါင်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ခွဲမှ ကထိကနှင့်ဒုတိယဥက္ကဋ္ဌ မစ္စယုလီယန်တီက "အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာရွတ်ဆိုခြင်းအကြောင်း" စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တွဲဖက်ပါမောက္ခဆရာတော် ဒေါက်တာနောဓိဉာဏက "ပရိတ်တရားတော်ကို နားလည်သဘောပေါက်၍ ရွတ်ဆိုခြင်း" စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

စာတမ်းဖတ်ပွဲကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် မေ ၂၄

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ဟေးယွန်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လျှပ်တစ်ပြက်မြင်ကွင်း

ရန်ကုန်မြို့၌ မိုးသည်းထန်စွာရွာသွန်း ကားလမ်းအချို့ ရေများဖုံးလွှမ်းခဲ့

ဓာတ်ပုံ-မြင့်အောင် ➤➤ သတင်းမှတ်စု-တင်ဝင်းလေး

ရန်ကုန် မေ ၂၄

ယနေ့ ညနေ ၄ နာရီခွဲခန့်က ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လျှပ်စီးများလက်ကာ မိုးကြိုးပစ်မှုများ ဖြစ်ပွားခဲ့သည်။

တစ်နာရီနီးပါး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တာမွေမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ အလုံမြို့နယ်များအပါအဝင် မြို့နယ်အချို့ရှိ ကားလမ်းမကြီးများပေါ်၌ ရေများဖုံးလွှမ်းသွားခဲ့သည်။

ယာဉ်ကြောပိတ်ဆို့

တာမွေမြို့နယ် သမိန်ဗရမ်းလမ်း တာမွေပလာဇာအနီးတွင် ကားလမ်းပေါ်ရေများဖုံးလွှမ်းသွားခဲ့ရာ ဝဲယာရှိ အနိမ့်ပိုင်း အိမ်အချို့အတွင်းသို့ ရေများစီးဝင်ခဲ့သည်။ ကားလမ်းမကြီးပေါ်တွင်လည်း ရေများလျှံတက်ဖုံးလွှမ်းမှုကြောင့် မော်တော်ယာဉ်အချို့ စက်များ ရပ်တန့်သွားပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အီရန်တောင်ပိုင်း၌ ရေနံချက်စက်ရုံပေါက်ကွဲ

တီဟီရန် မေ ၂၄

အီရန်နိုင်ငံအနောက်တောင်ပိုင်း အဘာဒန်မြို့ရှိ ရေနံချက်စက်ရုံတစ်ရုံ၌ မေ ၂၄ ရက်က ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၂၂ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရန်ဖားစ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖြစ်ပွား

ထိုသို့ရေနံချက်စက်ရုံ မတော်တဆပေါက်ကွဲမှုသည် အီရန်သမ္မတ အာမက်ဒီနီဂျက် ယင်းရေနံချက်စက်ရုံတစ်ရုံ၌ ပစ္စည်းအသစ်များ တပ်ဆင်မှုကို စစ်ဆေးကြည့်ရှုရန် ရောက်ရှိနေချိန်အတွင်း ဖြစ်ပွားခြင်း ဖြစ်သည်။ သို့သော် သမ္မတမှာ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ချေ။

ဓာတ်ငွေ့ ယိုစိမ့်ပေါက်ကွဲမှုကြောင့် မီးလောင်ခဲ့သော ယင်းရေနံချက်စက်ရုံကို မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုယုဇ်အာကာသယာဉ် အောင်မြင်စွာပြန်လည်ဆင်းသက်

မော်စကို မေ ၂၄

ဆိုယုဇ်အာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းမှနေ၍ အီတလီအာကာသယာဉ်မှူးတစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် အမေရိကန်အာကာသယာဉ်မှူးတစ်ဦးတို့ကို သယ်ဆောင်ကာ ရုရှားနိုင်ငံ ကာဇက်စတန်ရှိ မြေပြင်စခန်းသို့ ဘေးကင်းချောမောစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း ရုရှားအရာရှိများက မေ ၂၄ ရက်၌ ပြောကြားသည်။**(အပေါ်ပုံ)**

ဆင်းသက်

ဆိုယုဇ်အာကာသယာဉ်မြေပြင်သို့ ဆင်းသက်ချိန်မှာ မေ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၆နာရီနှင့် ၂၇မိနစ်တွင် ဖြစ်ပြီး ကာဇက်စတန်ရှိ ဂျက်ကာဂန်မြို့ အရှေ့ဘက် သတ်မှတ်ထားသည့် မြေပြင်သို့ တိကျစွာ ဆင်းသက်နိုင်ခဲ့သည်။

ဆိုယုဇ်အာကာသယာဉ်နှင့်ပြန်လည်လိုက်ပါလာသော အာကာသယာဉ်မှူးသုံးဦးမှာ နိုင်ငံတကာအာကာသယာဉ်စခန်း၌ ၁၅၉ ရက်ကြာ နေထိုင်ခဲ့ကြသူများဖြစ်ပြီး သတ်မှတ်ထားသည့် လုပ်ငန်းများအားလုံး ပြီးစီးအောင် ဆောင်ရွက်နိုင်ကြသည်။ **(အင်တာနက်)**

➤➤ မိုးမြင့်လင်းလက် – စုစည်းသည် ➤➤

ဆာဘီးယား၌ မိုးသည်းထန်ပြီး ရေလွှမ်း၍ အိမ် ၁၀၀၀ ခန့် ရေဘေးကြုံတွေ့

ဘဲလ်ဂရိတ် မေ ၂၄

ဆာဘီးယားနိုင်ငံတွင် မေ ၂၃ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တော်ဘဲလ်ဂရိတ်၏ အနောက်တောင်ဘက် နိုဗီပါဇာမြို့အနီးတွင် ရေလွှမ်းမှုဖြစ်ပွားရာ နေအိမ် ၁၀၀၀ ခန့် ရေနစ်မြုပ်လျက်ရှိကြောင်း ဆာဘီးယားအသံလွှင့်ဌာနက မေ ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

မိုးသည်းထန်မှုကြောင့် လီကာနှင့်တာနာဗီကာ မြစ်များ ရေလျှံတက်ပြီး ရေကာတာများ ရေလျှံမှုကြောင့် တံတားသုံးစင်းနှင့် ကားများ ရေထဲမျောပါသွားခဲ့ကြောင်း ဘဲလ်ဂရိတ် ဒုတိယမြို့တော်ဝန် ဗြူဂိုကာတီအိုဆာဗ်ဂျီဗစ်က ပြောကြားသည်။

ကယ်ဆယ်ရေးဆောင်ရွက်

ထို့အတူ စိုက်ပျိုးမြေများရေလွှမ်းပြီး နေအိမ်များလည်း ပျက်စီးခဲ့ကြောင်း၊ မြို့ပြကာကွယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်၌ မိုးကြိုးပစ်၊ ၁၀ ဦးသေဆုံး

ဒါကာ မေ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရိုင်နှစ်ခုတွင် မေ ၂၃ ရက် နံနက်က မိုးကြိုးပစ်သဖြင့် ကလေးနှစ်ဦးအပါအဝင် အနည်းဆုံး လူ ၁၀ ဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရသွားကြောင်း အရာရှိများက ပြောကြားသည်။ **(ယာပုံ)**

ချာပန်နဝတ်ဂျန်ခရိုင်အတွင်း မိုးကြိုးပစ်မှုကြောင့် ကလေးနှစ်ဦးအပါအဝင် ရှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရသွားကြောင်း ဒေသခံပြည်နယ်အရာရှိတစ်ဦးက ပြောကြားသည်။ ဒဏ်ရာရသူများကို ဆေးရုံသို့ တင်ပို့ထားသည်။

ဒါကာမြို့တော် အနောက်ဘက် ၂၁၆ ကီလိုမီတာအကွာ ပက်နာခရိုင်၌ မေ ၂၃ ရက် နံနက်က မိုးကြိုးပစ်မှုတွင် လယ်သမားနှစ်ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရကြောင်း အခြားအရာရှိတစ်ဦးက ပြောကြားသည်။**(အင်တာနက်)**

ရရှိပြီးဖြစ်သည့် အခြေခံကောင်းများမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

နေပြည်တော် မေ ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေး ကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင် အဖွဲ့၏ (၁၂၈)ကြိမ်မြောက် အစည်းအဝေးကို မေ ၂၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလေးထား

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေး နှင့် ငွေရေးကြေးရေးကဏ္ဍတွင် ရရှိပြီးဖြစ်သည့် အခြေခံ ကောင်းများမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင် ရွက်ကြရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မား စေရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် သုတေသန လုပ်ငန်းများကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက် ကြရန်၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရေး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက် ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် မေ ၂၃ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီးမစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံ စဉ်။ (သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

ပုဏ္ဏားကျွန်း မေ ၂၄

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့၏ (၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၅ နာရီက ပုဏ္ဏားကျွန်းမြို့ ဓမ္မာရုံ အတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးစောထွန်းဦးက အမှာစကား ပြောကြားပြီး သက်ကြီးပူဇော်ပွဲ ဖြစ် မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင် လှဦးက ပူဇော်ပွဲကျင်းပရခြင်းများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

အခမ်းအနားတွင် တက်ရောက် လာကြသူများက အသက်(၈၀)နှင့် အထက် သက်ကြီး အဘိုးအဘွား ၁၀၁ ဦးအား ငွေကျပ် ၅၅၅၅၀၀ ကို လှူဒါန်းကြသည်။

အာဟာရကျွေးမွေး

ထို့နောက် သက်ကြီးဘိုးဘွားများ အား အာဟာရများ ကျွေးမွေးလှူဒါန်း ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ငါးသယံဇာတထိန်းသိမ်းရေးဟောပြော

ဓနုဖြူ မေ ၂၄

ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန နှင့် မြို့နယ်ငါးလုပ်ငန်းအသင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်း ငါးမျိုး သယံဇာတများ မပြုန်းတီးရေးနှင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေး အတွက် ငါးမျိုးသယံဇာတ ထိန်းသိမ်း ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးခြင်း နှင့် ပညာပေးဟောပြောပွဲ အခမ်း အနားကို မေ ၂၂ ရက် နံနက် ၉ နာရီ က မြို့နယ်ငါး လုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြန်လည်ဖြေကြား

အခမ်းအနားတွင် တက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (၁၄၇)

ဥတုရာသီ တောကို မှီ၏

ဝန်ဆောင်မှုကဏ္ဍ၌ အရည်အသွေးမြင့်မားလာစေရေး စာတွေ့လက်တွေ့များဖြင့် ကြိုးစားဆောင်ရွက်

နေပြည်တော် မေ ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် နေပြည်တော်ရှိ စားသောက်ဆိုင်များမှ ဝန်ထမ်း များ၏ ဧည့်ဝန်ဆောင်မှုအရည်အသွေး မြင့်မားလာစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးခဲ့သော ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဆင်းပွဲအခမ်းအနားကို မေ၂၃ရက် နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးရုံးကျောက်စိမ်းခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတက်ရောက်၍ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြများ အား ဂုဏ်ပြုလက်ဆောင်များပေးအပ် ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကား ပြောကြားရာတွင်**(အပေါ်ပုံ)**နေပြည်တော် တွင် အစိုးရဧည့်သည်တော်များ အမြဲရောက်ရှိနေမည်ဖြစ်ပြီး မကြာမီ ကျင်းပမည့် တတိယအကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ၊ Gems Emporium ၊ မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံအစည်းအဝေးများ၊ ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစား ပွဲတော်၊ ၂၀၁၄ ခုနှစ် ASEAN အစည်းအဝေးတို့ ရှိလာမည်ဖြစ်၍ ဝန်ဆောင်မှုကဏ္ဍ၌ အရည်အသွေး မြင့်မားလာစေရေးအတွက် သင်တန်း တွင် ပို့ချပေးသည့် စာတွေ့လက်တွေ့ များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အနီးကပ် ကြီးကြပ်မှုဖြင့် အရည် အသွေးပြည့်မီသော စားသောက်ဆိုင် များဖြစ်လာစေရေး ကြိုးစားဆောင်ရွက် သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါသင်တန်းသို့ စားသောက် ဆိုင် ၃၀ မှ သင်တန်းသား ၃၀ တက် ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရန်သားဖွားဆရာမသင်တန်းဆင်းပွဲ ဖျာပုံ၌ကျင်းပ

ဖျာပုံ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့က ကြီးမှူး၍ ဖျာပုံခရိုင်တွင်ဖွင့်လှစ်ခဲ့သော အရန်သားဖွားဆရာမ သင်တန်း ဆင်းပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၈ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါ ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အမှာစကား ပြောကြားပြီး ဖျာပုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးခင်က ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြု လက်ဆောင်များချီးမြှင့်ပြီးနောက် သင်တန်းသူ ၁၅ဦးအား သင်တန်းဆင်း လက်မှတ်နှင့် Kit ပုံးများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ပေးအပ်

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် ဖျာပုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းသန်းကျင်တို့က သင်တန်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကော့သောင်းမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့ သရုပ်ပြမှုကို မေ ၁၀ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးကျော် မိုးလှိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးရွှေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ တရားတော်
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာ့ရှုခင်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၅ ၄။ အဖွင့်သီချင်း
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၆။ လျှပ်တစ်ပြက်
- ၄:၄၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၉။ ရှေးဟောင်းသုတ
- ၅:၀၀ ၁၀။ ရန်သူမီး
- ၅:၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၆၇)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ Mail Box
- ၆:၃၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၂၄)
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၁၁)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဒို့တာဝန်အရေး(၃)ပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ ရယ်စရာပျော်စရာဟာသကမ္ဘာ **ကြင်ရာတော်ရွေးပွဲ** ထင်ကျော်လင်း၊ ပေါ်လေး၊ ကျော်ထူးနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)
- ၂၄။ အိုင်စီတီသုတ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၁၈)
- ၂၇။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

မြန်မာနိုင်ငံပညာရေး ကမ္ဘာ့အဆင့်၊ နိုင်ငံတကာအဆင့်ထဲ ပိုမိုဝင်ဆံ့နိုင်အောင် ပြုပြင်ဖြည့်စွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံး ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားပညာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝိဇ္ဇာသိပ္ပံ အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း။

တိုးမြှင့်ဆောင်ရွက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်ကို ယခုနှစ် မတ် ၃၀ ရက်က စတင်ဖွဲ့စည်းပြီးသည့်နောက် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်၏ ပညာရေးမူဝါဒနှင့်ပတ်သက်၍ မိန့်ကြားခဲ့ရာတွင် မြန်မာနိုင်ငံပညာရေးကို နိုင်ငံတကာအဆင့်မီ ပညာရေးဖြစ်လာအောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးဆက်သစ်လူငယ်များအပါအဝင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးပေးဆောင်ရွက်သွားမည်ဟု ပါရှိပါကြောင်း၊ ယင်းသို့ အလေးပေးဆောင်ရွက်နိုင်အောင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများပါဝင်သော အမျိုးသားပညာရေးကော်မတီကိုလည်း ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအနေဖြင့် အယူအဆ အတွေးအခေါ်များ ပြောင်းလဲလာသည်နှင့်အတူ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးကြွယ်ဝလာမှသာလျှင် တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကအချက်အနေဖြင့် ပါဝင်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ အဆင့်မြင့်ပညာရေးကဏ္ဍတွင် ကျောင်းသား ကျောင်းသူများ မိမိတို့ဒေသအတွင်း စရိတ်သက်သက်သာသာနှင့် ပညာသင်ယူနိုင်အောင် နိုင်ငံ့အကြီးအကဲများက တက္ကသိုလ်နှင့်ကောလိပ်ပေါင်းများစွာကို ဖွင့်လှစ်ပေးခဲ့သကဲ့သို့ အခြေခံပညာအဆင့်တွင်လည်း ကျေးလက်ဒေသအပါအဝင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းစသည့် စာသင်ကျောင်းမြောက်မြားစွာကို ဖွင့်လှစ်ပေးခဲ့ပြီး ပညာရေးကို အားပေးမြှင့်တင်ခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း။

အလုပ်ရုံဆွေးနွေးပွဲ

သို့သော်လည်း ပြောင်းလဲလာသည့်အခြေအနေ၊ ပြောင်းလဲနေသည့် အချိန်အခါအရ မြန်မာနိုင်ငံပညာရေးကို ကမ္ဘာ့အဆင့်၊ နိုင်ငံတကာအဆင့်ထဲ ပိုမိုဝင်ဆံ့နိုင်အောင် နောက်ထပ်ပြုပြင်ပြောင်းလဲဖြည့်စွက်ရမည့် လိုအပ်ချက်များလည်း ရှိနေသေးသည့်အတွက် ယခုကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင် ဆရာ ဆရာမကြီးများကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်၍ ထိုမှတစ်ဆင့် မိမိတို့မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံး ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယခုလိုဆောင်ရွက်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်း နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိကပညာရေးကဏ္ဍ၊ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုတွင် ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ ကိုယ်ပိုင်သင်တန်းဖြစ်သည့် Tuition များအတွက် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၏ ဘာသာ၊ ရိုးရာယဉ်ကျေးမှုကို ထိခိုက်စေသော ပညာရေးဝန်ဆောင်မှုမျိုး မဖြစ်စေရန် ကြီးကြပ်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပညာရည်ထူးချွန်သူများ ပညာဆက်လက်သင်ယူနိုင်ရန် ပြည်ပ ပညာသင်ဆု၊ ပြည်တွင်း ပညာသင်ဆုနှင့် ထူးချွန်ပြီး ဆင်းရဲနွမ်းပါးသူများအား ထောက်ပံ့ကြေးများ ထောက်ပံ့ပေးသွားမည့် အစီအမံများလည်း စီစဉ်သွားရမည်ဖြစ်ကြောင်း။

ပြုပြင်မှုများ

မြန်မာနိုင်ငံပညာရေးအဆင့်အတန်းသည် နိုင်ငံ့အကြီးအကဲများ၏ ကြိုးပမ်းမှုကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရကြောင်း၊ သို့သော်လည်း နိုင်ငံတကာအဆင့်မီဖြစ်ရန် ကျယ်ပြန့်သော ပြုပြင်မှုများလည်း လိုအပ်နေသေးသည်ကို တွေ့ရမည် ဖြစ်ကြောင်း။

ပြုပြင်ပြောင်းလဲဖြည့်စွက်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ကျောင်းတွင်းပညာရေးအနေဖြင့် -

- **အခမဲ့ မူလတန်းပညာ မသင်မနေရအစီအစဉ် အကောင်အထည်ဖော်စေခြင်းအားဖြင့် မိမိနိုင်ငံ၏ စာတတ်မြောက်နှုန်း မြင့်မားလာစေပြီး သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းအလိုက် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံမှ စက်မှုနိုင်ငံသို့ ကူးပြောင်းရာတွင် စာမတတ်လျှင် မဖြစ်နိုင်သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊**
- ကျောင်းပညာရပ်နှင့်အတူ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အခြေခံကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ဗဟုသုတများ ထည့်သွင်းသင်ကြားပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသော သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှော၊ သွေးတိုး၊ နှလုံး၊ ဆီးချို စသည့်ရောဂါများကို ရှောင်ရှားနိုင်သော Life-Style မျိုး သိရှိနိုင်ကြမည်ဖြစ်ကြောင်း၊
- ကျန်းမာကြံ့ခိုင်သောကျောင်းသား ကျောင်းသူလေးများ ဖြစ်လာစေရန် လိုအပ်သောအားကစားရုံနှင့် အားကစားကွင်းများ မဖြစ်မနေထားရှိပေးရန် လိုအပ်ကြောင်း၊
- ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု အမူအကျင့်များဖြစ်သည့် ကျောင်းဝင်း၊ အိမ်ဝင်းတို့တွင် အရိပ်ရသစ်ပင်များ၊ အသီးစားသစ်ပင်များစိုက်ပျိုးတတ်စေရန် သင်ကြားပေးရမည်ဖြစ်ကြောင်း၊

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်း နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်သွားရန်လိုအပ်၊ ပုဂ္ဂလိကပညာရေးကဏ္ဍ၊ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုတွင် ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ ကိုယ်ပိုင်သင်တန်းဖြစ်သည့် Tuition များအတွက် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်မည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် အမျိုးသားပညာရေးမျိုးလိုအပ်နေ၊ ယင်းကဲ့သို့ လိုအပ်သော ပညာရေးမျိုးကို အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍဟူ၍ ခွဲခြားပြီး ယခု အလုပ်ရုံဆွေးနွေးပွဲ၌ အဓိကထား ဆွေးနွေးသွားရမည်၊ ထို့ကြောင့် ကဏ္ဍနှစ်ခုစလုံး၏ အားနည်းချက်၊ အားသာချက်များကို ရှာဖွေဆန်းစစ်ပြီး ပြုပြင်ပြောင်းလဲစရာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ကြရင်း ယခု အလုပ်ရုံဆွေးနွေးပွဲမှ လက်ရှိမြန်မာနိုင်ငံနှင့် သင့်တော်မည့် အကောင်းဆုံး ပညာရေးစနစ်တစ်ခု၊ လက်တွေ့ကျသော ပညာရေးစနစ်တစ်ခုကို ဖော်ထုတ်ပေး။

- ကိုယ်ကျင့်တရားကောင်းမွန်သောအလေ့အကျင့်ဖြစ်သည့် ကြီးသူ ရိုသေ၊ ရွယ်တူ လေးစားသော လူမှုရေး၊ ပြည်သူ့နီတိဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးရန် လိုအပ်ကြောင်း၊
- ယနေ့ **Globalization** ခေတ်တွင် မပါမဖြစ်သော အင်္ဂလိပ်စာဘာသာရပ် တိုးတက်ရေးအတွက် အပတ်စဉ် အင်္ဂလိပ်ဘာသာစကား စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့်အတူ သချာင်္နှင့် သိပ္ပံပညာတို့ကိုလည်း ဦးစားပေး သင်ကြားရမည်ဖြစ်ကြောင်း၊
- အတန်းတင်စာမေးပွဲ အောင်မြင်စေရေး ရည်ရွယ်ချက်သက်သက်ဖြင့် စာတတ်မြောက်ခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ် အရည်အချင်းပြည့်ဝသည့် ဘွဲ့ရများဖြစ်စေရန် သင်ကြားပေးရန်နှင့် ထို့အတူ သင်ကြားပေးသော ဆရာ ဆရာမများလည်း အမှန်တကယ် တတ်ကျွမ်းပိုင်နိုင်သော၊ ခေတ်နှင့်တစ်ပြေးညီ တတ်မြောက်နေသော ဆရာ ဆရာမများဖြစ်စေရန် စဉ်ဆက်မပြတ် သင်ကြားရေးပညာရပ် **"Continuing Teaching Education"** ဆွေးနွေးပွဲများ အမြဲတစေပြုလုပ်ပေးရန်၊ ထို့အတူ ဆရာ ဆရာမများ၏ လူမှုစီးပွားဘဝကိုလည်း မြှင့်တင်ပေးရန်လည်း လိုအပ်ကြောင်း၊
- ၂၀၁၅ ခုနှစ် အာဆီယံပေါင်းစည်းရေးအစီအစဉ်အရ လိုအပ်နေပြီဖြစ်သော နိုင်ငံတကာဥပဒေပညာရပ်၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး **"International Law, International Relation"** စသည့် ဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးရန် လိုအပ်ကြောင်း၊
- ထို့ကြောင့်လည်း ကျောင်းတွင်းခေတ်မီစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းနှင့်အတူ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်စေရန် စီစဉ်ပေးခြင်း စသည်တို့ကိုလည်း လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း။

အချုပ်အားဖြင့် မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် -

ယနေ့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် အမျိုးသားပညာရေးမျိုး လိုအပ်နေကြောင်း၊ ယင်းကဲ့သို့ လိုအပ်သောပညာရေးမျိုးကို အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍဟူ၍ ခွဲခြားပြီး ယခုအလုပ်ရုံဆွေးနွေးပွဲ၌ အဓိကထား ဆွေးနွေးသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကဏ္ဍနှစ်ခုစလုံး၏ အားနည်းချက်၊ အားသာချက်များကို ရှာဖွေဆန်းစစ်ပြီး ပြုပြင်ပြောင်းလဲစရာများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင်ကြရင်း ယခုအလုပ်ရုံဆွေးနွေးပွဲမှ လက်ရှိမြန်မာနိုင်ငံနှင့်သင့်တော်မည့် အကောင်းဆုံး ပညာရေးစနစ်တစ်ခု၊ လက်တွေ့ကျသော ပညာရေးစနစ်တစ်ခုကို ဖော်ထုတ်ပေးသွားကြရန် ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံးကို အလေးအနက် တိုက်တွန်းပန်ကြားရင်း ပညာရှင် ဆရာ ဆရာမကြီးများ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသုခနှင့် ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်းဖြင့် ပြောကြားသည်။

မသင်မနေရ

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ၁၉၉၈ ခုနှစ်မှစပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစပြီး အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀) နှစ်ရှည် စီမံကိန်းကို အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ နှစ်စဉ် ပညာရေးကဏ္ဍအလိုက် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများ ကျင်းပပြီး ဆက်လက်ဆောင်ရွက်ရမည့် စီမံချက်လုပ်ငန်းများကို ဆွေးနွေးဆုံးဖြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယ နှစ်တို ငါးနှစ်စီမံကိန်း၏ ပထမနှစ်အဖြစ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ လမ်းညွှန်မှာကြားချက်များအနက် မသင်မနေရ မူလတန်းပညာရေး အစီအစဉ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး အစပျိုးဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

လေ့လာသုံးသပ်

အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ရေးအစီအစဉ်ကိုလည်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွင် ပုဂ္ဂလိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကိုယ်ပိုင်ကျောင်း၊ မှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုတင်သွင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားလာအောင် တွန်းအားပေးနိုင်မည့် အစီအစဉ်၊ ဖြည့်ဆည်းပေးသင့်သည့် အစီအစဉ်၊ အတန်းစဉ်အလိုက် ဆက်လက်တက်ရောက် သင်ယူမှုနှုန်း မြင့်မားလာအောင် လက်တွေ့လုပ်ငန်းခွင်နှင့် ဆက်စပ်ချိတ်ဆက်ပေးနိုင်မည့် အစီအစဉ်များကို ချမှတ်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ အခြေခံပညာအဆင့်အလိုက် သင်ကြားမှုစွမ်းရည် အစဉ်မြင့်မားနေအောင် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို စဉ်းစားပေးရမည်ဖြစ်ပြီး ဆရာများက အလေးထား သင်ကြားလာအောင် ကြပ်မတ်ဆောင်ရွက်ပေးသင့်သည့် အစီအစဉ်များကိုလည်း လေ့လာသုံးသပ် အဖြေရှာပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဆွေးနွေးညှိနှိုင်း

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် ပညာရှင်ကြီးများအနေဖြင့် ကဏ္ဍအလိုက် ပြုပြင်တိုးမြှင့်ဆောင်ရွက်သင့်သည့် ပညာရေးအစီအစဉ်များကို ဆွေးနွေးညှိနှိုင်း ထောက်ခံ တင်ပြပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် မေ ၂၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၂၅ ရက် ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ကျင်းပ

နေပြည်တော် မေ ၂၄

ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (ပထမနေ့)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမနှင့် စုပေါင်းခန်းမတို့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ဝိဇ္ဇာသိပ္ပံ အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ အဆင့်မြင့်ပညာကဏ္ဍကို ဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်က ဆောင်ရွက်ပြီး တက်ရောက်လာသည့် ပညာရှင်များက အဆင့်မြင့် ပညာကဏ္ဍ တိုးတက် မြင့်မားရေးအတွက် အကြံပြုဆွေးနွေးကြသည်။

အကြံပြုဆွေးနွေး

အလားတူ အခြေခံပညာကဏ္ဍကို ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးတင်ညိုက ဆောင်ရွက်ပြီး တက်ရောက်လာသည့် ပညာရှင်များက အခြေခံပညာကဏ္ဍတိုးတက်မြင့်မားရေးအတွက် အကြံပြုဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များကို မေ ၂၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အလုပ်ရုံဆွေးနွေး

ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (ပထမနေ့)တွင် အဆင့်မြင့်ပညာကဏ္ဍကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအားကစား

မြင့်မောင်စိုး ➢ စုစည်းသည်

အိုဝင်ဟားဂရေ့ဗ် မန်ယူကို ကျောခိုင်းတော့မည်

လန်ဒန် မေ ၂၄

ဒဏ်ရာများရရှိထားသော ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ် (အောက်ပုံ) သည် ယခုနှစ်နွေရာသီ ကုန်လျှင် စာချုပ်သက်တမ်းတိုးမည်မဟုတ်ဘဲ အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း မန်ယူကလပ်က ကြေညာသည်။

ကစားခဲ့

ကွင်းလယ်ကစားသမား ဟားဂရေ့ဗ်သည် ၂၀၀၇ ခုနှစ်က ဘိုင်ယန်မြူးနစ်မှ မန်ယူသို့ ပေါင် ၁၇ သန်းဖြင့် ပြောင်းရွှေ့လာပြီးနောက် ၃၉ ပွဲသာ ကစားခဲ့ရသည်။

အသက် ၃၀ အရွယ်ရှိ အိုဝင်ဟားဂရေ့ဗ်သည် ၂၀၀၈ ခုနှစ်က မန်ယူတို့ ပရီမီယာလိဂ်ဖလားရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ချယ်လ်ဆီးနှင့် မော်စကိုမြို့၌ ကစားသည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင်လည်း ပါဝင်ကစားပေးခဲ့သည်။ (အင်တာနက်)

ချန်ပီယံလိဂ်ဖလား မန်ယူဆွတ်ခူးနိုင်မည် ဒေးဗစ်ဘက်ခမ်း ယုံကြည်

လန်ဒန် မေ ၂၄

ယခုနှစ် မန်ယူတို့ ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ခြင်းသည် မန်ယူ၏ အကောင်းဆုံးအချိန်များ အနက်မှ တစ်ခုပင်ဖြစ်ကြောင်း ဒေးဗစ်ဘက်ခမ်းက ပြောကြားသည်။

ဆွတ်ခူး

မန်ယူနှင့် ဘာစီလိုနာအသင်းတို့သည် လာမည့် မေ ၂၈ ရက်တွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မန်ယူတို့ အနိုင်ရဗိုလ်စွဲနိုင်ခဲ့ပြီး ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ် ဖလားနှစ်လုံး ဆွတ်ခူးနိုင်သည့် အကြိမ်မှာ တတိယအကြိမ်မြောက် ဖြစ်လာလိမ့်မည်ဟု ဒေးဗစ်ဘက်ခမ်း(ဓာတ်ပုံ)က ပြောကြားသည်။

မန်ယူအသင်းသည် ဝင်ဘလေကွင်းကြီးတွင် ကစားသည့် ပြိုင်ပွဲတိုင်း အနိုင်ရ ဗိုလ်စွဲလျက်ရှိသည်ကို ၄င်း အသင်းဆွတ်ခူးခဲ့သည့် ဖလားများ ကသက်သေပြနေကြောင်း မန်ယူ ကွင်းလယ်ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းက ပြောကြားသည်။

ယုံကြည်

ဒေးဗစ်ဘက်ခမ်းသည် မန်ယူတွင် ကစားခဲ့စဉ် ပရီမီယာလိဂ်ဖလား ခြောက်လုံးအထိ ဆွတ်ခူးပေးနိုင်ခဲ့သည်။ လက်ရှိ မန်ယူအသင်းသည် ချန်ပီယံလိဂ်ဖလားကိုလည်း ဆွတ်ခူးနိုင်လိမ့်မည်ဟု ၄င်းက ယုံကြည်ထားသည်။

(အင်တာနက်)

လာမည့်ယူရို ၂၀၁၂ ခြေစစ်ပွဲ တိုက်စစ်မှူးဇာမိုရာ အင်္ဂလန်အသင်းတွင်ကစားမည်

လန်ဒန် မေ ၂၄

ဖူလ်ဟမ်တိုက်စစ်မှူး ဘော်ဘီဇာမိုရာအား ဇွန် ၄ ရက်တွင် ဝင်ဘလေကွင်း၌ ဆွစ်ဇာလန်အသင်းနှင့်ကစားမည့် ယူရို ၂၀၁၂ ခြေစစ်ပွဲအတွက် အင်္ဂလန်အသင်းက ခေါ်ယူထားသည်။

ဇာမိုရာ(**ယာပုံ**)သည် ဖူလ်ဟမ်ဂိုးသမားဒေးဗစ်စကော့ဒဲလ်နှင့်အတူ အင်္ဂလန်အသင်းတွင် ပါဝင်ကစားရမည်ဖြစ်သည်။ အင်္ဂလန်နည်းပြ ကာပယ်လိုက မန်စီးတီး ဂိုးသမား ဂျိုးဟတ်နှင့် ဝက်စ်ဘရွန်းဂိုးသမား စကော့ကာဆင်တို့ကိုလည်း ခေါ်ယူထားသည်။

မန်ယူနောက်တန်းကစားသမား ဖာဒီနန်ကိုလည်း ယင်းခြေစစ်ပွဲအတွက် ခေါ်ယူထားသည်။ တိုက်စစ်မှူး ဝိန်းရွန်နေသည် မတ်လက ထောင်စုနှစ်အားကစားကွင်း၌ ဝေလနှင့်ကစားစဉ် အနီကတ်ပြခံထားရသဖြင့် ယင်းပြိုင်ပွဲတွင် ပါဝင်နိုင်မည်မဟုတ်ပေ။

ဇာမိုရာသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လနောက်ပိုင်း အင်္ဂလန်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ကစားမည်ဖြစ်သည်။

အင်္ဂလန်အသင်းကစားသမားများ

ဂိုး	- စကော့ကာဆင်၊ ဂျိုးဟတ်၊ ဒေးဗစ်စကော့ဒဲလ်။
နောက်တန်း	- လိုက်တန်ဘိုးနက်၊ ဂယ်ရီကာဟေးလ်၊ အက်ရှ်လေကိုးလ်၊ ဖာဒီနန်၊ ဖီးလ်ဂျာဂျစ်ကာ၊ ဂလင်းဂျွန်ဆင်၊ လက်စ်ကော့တ်၊ ဂျွန်တယ်ရီ၊ ကာလီဝေါကား။
အလယ်တန်း	- ဂါးရက်ဘာရီ၊ မိုက်ကယ်ကာရစ်၊ စတီးဝပ်ဒေါင်းနင်း၊ အဒမ်ဂျွန်ဆင်၊ ဖရန့်လမ်းပတ်၊ ဂျိမ်းစ်မီနာ၊ စကော့ပါကာ၊ သီယိုဝေါကော့တ်၊ ဂျက်ဝီရှီရာ၊ အက်ရှ်လေယန်း။
တိုက်စစ်မှူး	- ဒါရင်ဘင့်၊ ပီတာခရောင့်ချ်၊ ဂျာမိန်းဒီဖိုး၊ ဘော်ဘီဇာမိုရာ။

(အင်တာနက်)

နိုင်ငံတကာရုပ်ရှင်

ဟောလိဝုဒ်မှ လင်းလက်တောက်ပလာသည့် ငွေကြယ်ပွင့် ဂျင်နီဖာလောရင့်

မောင်မောင်မြင့်ဆွေ - စုစည်းသည်

လော့စ်အိန်ဂျလိစ် မေ ၂၄

မကြာမီကျင်းပတော့မည့် ဟောလိဝုဒ်၏ အကောင်းဆုံး လူငယ်သရုပ်ဆောင်ဆုအတွက် ရေပန်းစားနေသူများစာရင်းတွင် အမေရိကန်ရုပ်ရှင်မင်းသမီး ဂျင်နီဖာလောရင့်(ဝဲပုံ)လည်း ပါဝင်ကြောင်း ဟောလိဝုဒ်က မေ ၂၃ ရက်တွင်ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

အသက် ၂၁ နှစ်သာရှိသေးသော ဂျင်နီဖာလောရင့်၏အမည်အရင်းမှာ ဂျင်နီဖာရှုရာဒါလောရင့်ဖြစ်သည်။ အသက် ၁၄ နှစ်အရွယ်မှစတင်ကာ မော်ဒယ်နှင့် သရုပ်ဆောင်အလုပ်ကို ပူးတွဲလုပ်ဆောင်ခဲ့သူဖြစ်သည်။

သရုပ်ဆောင်

My Super Sweet 16 အမည်ရှိ အမ်တီဗွီ၌ပါဝင်သရုပ်ဆောင်ခဲ့ရာမှ လူသိများခဲ့ပြီး ၂၀၀၉ ခုနှစ်က ပါဝင်သရုပ်ဆောင်ခဲ့သော Devil You Know ရုပ်ရှင်ကားတွင် နာမည်ကြီးခဲ့သည်။ ထို့နောက် Ree Dolly, Winters' Bone The Beaver, X-Men:, First Class စသည့် ရုပ်ရှင်ကားပေါင်းများစွာကို အချိန်တိုအတွင်း ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

လာမည့် ၂၀၁၂ ခုနှစ်၌ ထုတ်လွှင့်ပြသမည့် House at the End of the Street ဇာတ်ကား၌လည်း ပါဝင်သရုပ်ဆောင်ထားသည်။ ဂျင်နီဖာလောရင့်သည် ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်ကလည်း ဟောလိဝုဒ်၏ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် မွေးရပ်မြေဖြစ်သည့် အမေရိကန်နိုင်ငံ ကန်တူကီမြို့မှ နယူးယောက်မြို့သို့ မိခင်နှင့်အတူ အလည်အပတ်သွားစဉ် ဓာတ်ပုံဆရာတစ်ဦး၏ ဆက်သွယ်ပေးမှုဖြင့် ရုပ်ရှင်မင်းသမီးဘဝသို့ ငယ်ငယ်ရွယ်ရွယ်နှင့် ရောက်ရှိခဲ့သူဖြစ်သည်။ ဂျင်နီဖာလောရင့်သည် ယခုနှစ်၌ People မဂ္ဂဇင်း၏ အလှပဆုံးမိန်းကလေးအဖြစ် ရွေးချယ်ဖော်ပြခြင်းခံရသည်။ ၂၀၁၀ခုနှစ်ကလည်း Variety မဂ္ဂဇင်း၏ စောင့်ကြည့်ရမည့် ကမ္ဘာ့ထိပ်တန်းသရုပ်ဆောင် အမျိုးသမီး ၁၀ ဦးတွင် ပါဝင်ခဲ့သည်။

ဂျင်နီဖာလောရင့်အား မိဘများက အသက် ၃၀ ကျော်မှလက်ထပ်ရန် မှာကြားထားရာ ချောမောသူလေး လောရင့်အတွက် ထိုအသက်အရွယ်အထိ တစ်ကိုယ်တည်းဘဝဖြင့် ရှိနေနိုင်ပါ့မလားဟု ပရိသတ်များက စောင့်ကြည့်နေကြမည်သာ…။ ။ (အင်တာနက်)

အာနိုးရုပ်ရှင်ရိုက်ရန် ကြာဦးမည်

လော့စ်အိန်ဂျလိစ် မေ ၂၄

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းနှင့် ရုပ်ရှင်မင်းသား အာနိုး(ဝဲပုံ)မှာ ဟောလိဝုဒ်၌ ရုပ်ရှင်ပြန်လည်ရိုက်ကူးရန် အချိန်ကြာမြင့်ဦးမည်ဖြစ်ကြောင်း အာနိုး၏အနုပညာဆိုင်ရာရုံးအဖွဲ့မှ မေ ၂၃ ရက်က အတည်ပြုပြောကြားသည်။

အသက် ၆၃ နှစ်အရွယ်ရှိ အာနိုးမှာ သူ၏အိမ်ထောင်ရေး ပြဿနာများကြောင့် လောလောဆယ်တွင် ရုပ်ရှင်ကားများရိုက်ကူးနိုင်ဦးမည်မဟုတ်ကြောင်း အာနိုး၏ရုံးမှ တာဝန်ရှိသူများက ပြောကြားသည်။

အာနိုးသည် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဘဝအကြောင်းကို The Governator အမည်ဖြင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးရန်အစီအစဉ်အပြင် အခြားရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရန်လည်း စီစဉ်ထားသည်။ သို့သော် အချိန်ကာလတစ်ခု ကြာမြင့်နေဦးမည်ဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အမြန်ဆုံးလက်ထပ်ချင်နေသည့် တောင်ကိုရီးယားသရုပ်ဆောင် ရိန်း

စင်ကာပူ မေ ၂၄

“ကျွန်တော် အမြန်ဆုံး လက်ထပ်ချင်ပါပြီ” ဟု စင်ကာပူရောက်ရှိနေသော တောင်ကိုရီးယားသရုပ်ဆောင်နှင့် အဆိုတော်ရိန်းက မေ ၂၄ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ရိန်းသည် ၄င်း၏ Best 2011 Asia ဂီတဖျော်ဖြေပွဲအတွက် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ စင်ကာပူတွင်လည်း ရိန်း၏ပရိသတ်အင်အားများစွာ ရှိနေသည်။

ဖြေကြားခဲ့

အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်သည့် ရိန်း(**ယာပုံ**)က စင်ကာပူတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ရာ၌ သတင်းထောက်များ၏ မေးမြန်းမှုအပေါ် **“ကျွန်တော်အခုအချိန်အထိ လက်တွဲဖော်ရှာမတွေ့သေးပါဘူး၊ ဒါပေမယ့် လက်တွဲမယ့်သူတစ်ဦးဦးတော့ တွေ့လိမ့်မယ်လို့ ယုံကြည်နေပါတယ်”**ဟု ဖြေကြားခဲ့သည်။

ရိန်းသည် ယခုနှစ်ကုန်တွင် တောင်ကိုရီးယား၌ စစ်မှုထမ်းရမည်ဖြစ်ရာ သရုပ်ဆောင်မှုနှင့် ဂီတဖျော်ဖြေမှုအစီအစဉ်များ ရပ်ဆိုင်းထားမည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် မေ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၇၅)နှစ် အထက် အငြိမ်းစားဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်း ၉၁ ဦးတို့အား လက်ရှိဝန်ထမ်းများက ပူဇော်ကန်တော့ပွဲကို မေ ၂၇ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့ ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် စတုတ္ထ အကြိမ်မြောက် အလွတ်တန်းနှင့် အသက်(၁၆)နှစ်အောက် စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို မေ ၂၁ ရက်က မြို့နယ်မီးသတ်စခန်းခန်းမ၌ ကျင်းပရာ အလွတ်တန်း ပထမတံခွန်စိုက်ဒိုင်းဆွတ်ခူးသွားသော ဦးဝင်းဇော်အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းအောင်က ဆုချီးမြှင့်စဉ်။ (၀၀၇)

ရှင်းလင်းတင်ပြ

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှစီတာပူရပ်ကွက် မန်ခိန်-ရွှေစက်လမ်းကတ္တရာလမ်းပေါက်များဖာထေးခြင်းလုပ်ငန်းကို မေ ၂ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တမန်တော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုပွဲ အခမ်းအနားတက်ရောက်

ရန်ကုန် မေ ၂၄

(၁၄၈၅)ကြိမ်မြောက် တမန်တော်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် တမန်တော်နေ့ အထိမ်းအမှတ်ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ တမန်တော်နေ့ကျင်းပရေးဗဟိုကော်မတီ ဦးစီးနာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၄

အားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ် အင်တော်မြို့ အုန်းကွဲကျေးရွာ၌ဖွင့်

အင်တော်မြို့နယ် အုန်းကွဲကျေးရွာအားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၇ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူလှိုင်နှင့် အုန်းကွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်မြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ အုံးကွဲကျေးရွာ ပြည်သူများက စာကြည့်တိုက် ငွေပဒေသာပင်အတွက် မတည်ငွေကျပ် ၅၀၀၀၀၀ကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ကြူကြူလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်စိုးပိုင်၊ အင်တော အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစိုင်းချမ်းမင်း၊ ရပ်ကွက်(၆)အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ဦးတိုးလှိုင်-ဒေါ်အဲနှောင်း မိသားစုတို့က စာအုပ်စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန့်လွင်နှင့် စာကြည့်တိုက်မှူး ဦးစိုးလွင်မိုးတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေဆောင်လမ်းညွှန် လူငယ်တံခွန်စာကြည့်တိုက် မြောင်းမြမြို့နယ်၌ ဖွင့်

မြောင်းမြမြို့နယ် သရောဘုန်းကျေးရွာအုပ်စု သပြုချောင်းကျေးရွာ၌ မူလတန်းကျောင်းခွဲနှင့်တွဲ၍ ရွှေဆောင်လမ်းညွှန် လူငယ်တံခွန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ရက် နံနက်၉နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ မြောင်းမြခရိုင် ပညာရေးမှူး ဒေါ်မြင့်မြင့်ဌေးနှင့် တရားရုံးချုပ်ရှေ့နေ(ဒဂုံ)ဦးလှမြင့် (စာရေးဆရာ မြောင်းမြ-မြင့်မိုး)၊ တရားရုံးချုပ်ရှေ့နေ ဦးကြည်ထွန်း (ထွန်း-လှ-ကြည် ကူညီလမ်းညွှန်အကျိုးဆောင်လုပ်ငန်း)တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ***(အောက်ပုံ)*** *ဧရာဝတီတိုင်းဒေသကြီးတိုင်းပညာရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားသည်။*

ယင်းနောက် စာကြည့်တိုက် အလှူရှင်များက စာကြည့်တိုက်ကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေများနှင့် သုတရသစာအုပ်စာစောင်များကို စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အဖိုးနှစ်ချပ်ဖွင့်မှ နိဗ္ဗာန်မြင်နိုင်ပုံ** ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ် တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၄၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီတော်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၂)
၈:၅၀ Road to Hip Hop's Hardcore Live Show
၉:၀၅ သဒ္ဓါကြည်ဖြူ ကုသိုလ်ယူ အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပဗ္ဗဇ္ဇအလှူ
၉:၂၀ ဂျူပွင်ကျေးရွာမှ ထူးမြတ်တဲ့ ရွှေထီးတော်တင်လှူပူဇော်ပွဲ
၉:၃၅ အားကစားမြင်ကွင်းစုံ
၁၀:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Revital မှ ဗုဒ္ဓဂယာသို့ ဘုရားဖူး ခရီးစဉ် ကံထူးရှင်ရွေးချယ်ပွဲ)
၁၀:၂၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၀:၅၅ ခာတ်ပုံထဲမှ အမှတ်တရများ (အိဖြိုးချယ်ရီ)
၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀ သံဃာရတနာ ဆိုသည်မှာ···
၁၂:၁၅ Activities in the City [မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁ (နန်းတော်ကြီးတိုင်းရင်းဆေး)]
၁၂:၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်သီဟိုဠ်ချက်နှင့် အရသာရှိသော ပုစွန်ဟင်းချက်နည်း)
၁:၀၀ **အဖိုးနှစ်ချပ်ဖွင့်မှ နိဗ္ဗာန်မြင်နိုင်ပုံ** ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ် တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **(မြန်မာဆန်တာကောင်းတယ်၊ ဘိုဆန်တာကောင်းတယ်)**
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၄)
၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၂)
၅:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (တင့်တောင့်တင့်တယ် တူတူတန်တန်)
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဇော်ရှိန်း **မိုးပြာအောက်ကမေ**
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၅)
၇:၂၅ Cartoon Show Time (All Dogs go to Heaven-2)
၈:၀၀ MRTV-4 သတင်း
၈:၃၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့ နားခိုရာ-မယ်လိုဒီ)
၉:၀၀ Celebrity Style (အနဂ္ဂ၊ သံသာဝင်း)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၇၃)
၁၀:၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (မျိုးရိုးထဲက ဆိုးပေကြီးဗလ(သို့) အကယ်ဒမီသုမောင်သို့) (အပိုင်း-၂)
၁၁:၀၀ ကုသိုလ်ရနံ့တို့ သင်းပျံ့လှိုင်···· Golden Lamps အမွေးတိုင်
၁၁:၁၅ World of Knowledge (Triumph of Life Brain Power)
၁၂:၀၅ တေးဂီတအစီအစဉ်
၁၂:၂၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုး)
၁၂:၄၅ ကလေးများအတွက် အကောင်းဆုံး ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီပန်းဖြူ၊ ကလေးသရုပ်ဆောင် ဖြိုးသူရကျော် (ဒါရိုက်တာ-မင်းစိုးသီဟ)
၁:၀၀ Box Office Movies (The Curious Case of Benjamin Button)
၁:၃၅ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှု အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၂:၀၀ ယုံကြည်စိတ်ချ သူတို့ဘဝ
၂:၂၅ လမ်းကလေးပေါ်မှာ စည်းချက်ညီညီ မောင်းကြစို့
၂:၄၀ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာ ဖွံ့ဖြိုးနေ
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
၄:၁၀ စိတ်ချယုံကြည် Global Wave Technology
၄:၂၀ တရားဓမ္မများ အားထုတ်ရာ ဓမ္မဒူတ တောရသာသနာ့ရိပ်သာ
၄:၄၀ ကြည်နူးဖူးမဝလေပြီ···· ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရွှေသောင်ယံ၌ ဓမ္မာရုံဖွင့်

ပုသိမ် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ အမှတ်(၁) ရပ်ကွက် ခရင်ချောင်းကျေးရွာဒေသဖွံ့ဖြိုးရေး ကိုယ့်အားကိုယ်ကိုး ပုညဝဓန မြတ်ဓမ္မာရုံဖွင့်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို မေ ၁၈ ရက်က ကျင်းပရာ အလှူရှင် ပုသိမ်မြို့ ပန်းခြံလမ်းနေ ဦးရဲမြင့်(ငွေသောင်ယံဆားစက်) မိသားစုနှင့် ပုသိမ်မြို့ စကားဝါလမ်းနေ ဦးသောင်းဝင်း-ဒေါ်ဝိုင်းရည်မိသားစု **(အပေါ်ပုံ)** တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဓမ္မာရုံမှာ အလျား ၇၅ ပေ၊ အနံပေ ၃၀ ရှိပြီး ကျေးရွာသူကျေးရွာသားများ၊ စေတနာရှင်များ၊ ဦးရဲမြင့် (ငွေသောင်ယံဆားစက်) မိသားစုနှင့် ဦးသောင်းဝင်း-ဒေါ်ဝိုင်းရည်မိသားစုတို့ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၅၀၀ဖြင့် တည်ဆောက်ထားကြောင်း သိရှိရသည်။ **(၀၇၇)**

ဝက်နားရွက်ပြာရောဂါအကြောင်း ညောင်လေးပင်၌ ပညာပေးဟောပြော

ညောင်လေးပင် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၄ ရက် နံနက် ၁၀ နာရီက ဝက်များတွင်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများဆိုင်ရာ ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါက်တာဆန်းဝေဖြိုးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ပဲခူးခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်တင်တင်ဝေကတိရစ္ဆာန်ကူးစက်ရောဂါဆိုင်ရာအချက်အလက်များကို ပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

ထို့နောက် ရောဂါရှာဖွေထိန်းချုပ်ရေး ဌာနစုမှ သုတေသနအရာရှိ ဒေါက်တာဒေါ်ခင်ဌေးက ဝက်နားရွက်ပြာရောဂါအကြောင်း အသေးစိတ် ပညာပေးဟောပြောပြီးနောက် တက်ရောက်လာကြသူများ၏ သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်း ထွေတလာ

မေ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓဘာသာ သာသနနုဂ္ဂဟအသင်း ဆိုင်းဘုတ်ဖွင့်လှစ်ခြင်း၊ အသင်းရုံးခန်းဖွင့်လှစ်ခြင်းကို သီရိလမ်း ဆွမ်းလောင်းဓမ္မာရုံ၌ကျင်းပရာ မြို့နယ်သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌ သီဟသုဓမ္မဇောတိကဓဇ ဦးခင်လှနှင့်အဖွဲ့ဝင်များ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။ (၁၂၁)

မီးသတ်တပ်ဖွဲ့ စွမ်းရည်သရုပ်ပြပွဲ မိုးကောင်းမြို့နယ်၌ ကျင်းပ

မိုးကောင်း မေ ၂၄

ကချင်ပြည်နယ်မိုးကောင်းမြို့နယ် မီးသတ်တပ်ဖွဲ့က ကြီးမှူးကျင်းပသည့် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီက မိုးကောင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်း **(အောက်ပုံ)**က အမှာစကား ပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့်မီးငြိမ်းသတ်ရေး စွမ်းရည်သရုပ်ပြကြသည်။

ဆောင်ရွက်ခဲ့

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးဟန်စိုးနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင် ၁၅၀ တို့သည် မေ ၅ ရက် နံနက် ၆ နာရီက မိုးကောင်းပြည်သူ့ဆေးရုံနှင့် ဆေးရုံဝန်းကျင် တစ်လျှောက် သန့်ရှင်းသာယာရေးအတွက် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာသင်ဆု ချီးမြှင့်မည်

ရန်ကုန် မေ ၂၄

စင်ကာပူနိုင်ငံရှိ Shelton အထက်တန်းကျောင်းနှင့် Shelton ကောလိပ်တို့တွင် ဇူလိုင်၊ စက်တင်ဘာနှင့် အောက်တိုဘာ Intake များကို တက်ရောက်မည့် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုအဖြစ် ကျောင်းလခ၏ ၂၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်း အထိ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုများကို IGCSE, Singapore-Cambridge (GCE O Level, GCE A Level) နှင့် Certificate For Higher Education Program များအတွက် ချီးမြှင့်မည်ဖြစ်ပြီး အသက် ၁၅ နှစ်နှင့် အထက် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများလျှောက်ထားနိုင်ကြောင်းနှင့် မေ ၂၈ ရက်နောက်ဆုံးထား၍ Synergy Education တွင်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ ပညာသင်ဆုအတွက် စာမေးပွဲနှစ်ကြိမ်နှင့် Interview တစ်ကြိမ် ဖြေဆိုရမည်ဖြစ်ပြီး ပထမအကြိမ် အရည်အချင်းစစ်စာမေးပွဲကို ဇွန် ၄ ရက်တွင် ပြုလုပ်မည်ဖြစ်ကာ ထိုစာမေးပွဲကိုအောင်မြင်မှသာလျှင် ဒုတိယအကြိမ် အရည်အချင်းစစ်စာမေးပွဲနှင့် Interview ကို ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ International School များမှ အသက် ၁၅ နှစ်အထက် ကျောင်းသားကျောင်းသူများ၊ IGCSE တက်ရောက်နေသူများအနေဖြင့်လည်း ပညာသင်ဆုများအတွက် ဝင်ရောက်ဖြေဆိုနိုင်ကြောင်း သိရသည်။ ဒုတိယအကြိမ်စာမေးပွဲနှင့် Interview ကို ဇွန် ၁၁ ရက်တွင်ပြုလုပ်မည်ဖြစ်ပြီး Synergy Education မှ ဝင်ရောက်ဖြေဆိုသော ကျောင်းသားများမှာ စကောလားရှစ်စာမေးပွဲကို အခမဲ့ဖြေဆိုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Shelton အထက်တန်းကျောင်းတွင် Preparatory Course, IGCSE, Singapore-Cambridge (GCE O Level , A Level)များကို သင်ယူနိုင်ပြီး Shelton ကောလိပ်တွင် Travel, Tourism & Hospitality, Business Administration, Business Management, Human Resource Management, Accounting & Finance, International Business Management စသည့် ဘာသာရပ်များကို တက်ရောက်နိုင်ကာ စုံစမ်းလိုပါက ခြံအမှတ်(၅၂၀/D-၁) ရွှေဂုံတိုင် (Excel Tower အနောက်ဘက်) ကမ္ဘာ့အေးဘုရားလမ်း ဗဟန်းမြို့နယ်ရှိ Synergy Education ဖုန်း-၅၅၈၄၂၈၊၀၉-၅၅၀၄၉၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဒေါ့ဖုန်းယန်တွင် စာပေဟောပြောပွဲကျင်းပ

ဒေါ့ဖုန်းယန် မေ ၂၃

ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွန်းတို့ ဦးဆောင်၍ မေ ၃ ရက်မွန်းလွဲ ၂ နာရီက စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာရွှေမြိတ်သောင်းတင်က ဒေါ့ဖုန်းယန်မြို့ လျှပ်တစ်ပြက်အမြင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မုဒုံသုမွန်က စာပေဘဝခရီးခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ကိုပိုက်က ကိုပိုက်ပြောမည့် ကိုပိုက်အကြောင်း တစေ့တစောင်းခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ရေးသူဖတ်သူဆွေးနွေးပွဲ ကျင်းပပြီး စာပေဝါသနာရှင်တစ်ဦးဖြစ်သူ ဦးအောင်ကျော်ထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

စစ်တွေမြို့ လေယာဉ်ကွင်းလမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂ ရက်က ရေမြောင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးတင်နုနှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုင်းကြီးကျွန်းမြို့နယ်၏ လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ထားရှိမှုကို လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို မေ ၅ ရက်က အမှုဆောင်အရာရှိ ဦးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မြို့မဈေးအတွင်း သား၊ ငါးများနှင့် စားသောက်ကုန်များ ကျန်းမာရေးနှင့်ညီညွတ်စွာရောင်းချရေးအတွက် မေ ၇ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် ကျန်းမာရေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် မြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော စားသောက်ဆိုင်များ မီးသုံးစွဲမှု စနစ်တကျ ရှိ မရှိကို မေ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	ပိတ်ရက်
(က)	၀၉/မမ/ဌာနခွဲအသီးသီး 2011-2012	ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ(26 Items)	7-6-2011 (12:00)hr
(ခ)	14(T)1/MR(S & T) 2011-2012	ဆက်သွယ်ရေးသုံးပစ္စည်းများ(28 Items) (Signal Complete, Warner Lever, Limit & Warning Board, Flat Wheel, Point indicator, Stake)	23-6-2011 (12:00)hr

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၅-၂၀၁၁ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၄၃၅၂၊ ၂၉၁၉၈၅၊ ၂၉၁၉၉၄။

24 HOURS

Purified Drinking Water

24.4.11 မှ 31.7.11 ရက်နေ့အထိ ...

... Twenty Four Hours

... Promotion ...

1.	1 Litre	10 ကဒ်	[illegible]	[illegible]
2.	1 Litre	20 ကဒ်	[illegible]	[illegible]
3.	1 Litre	30 ကဒ်	[illegible]	[illegible]
4.	1 Litre	40 ကဒ်	[illegible]	[illegible]
5.	1 Litre	50 ကဒ်	[illegible]	[illegible]
6.	1 Litre	60 ကဒ်	[illegible]	[illegible]
7.	1 Litre	70 ကဒ်	[illegible]	[illegible]
8.	1 Litre	80 ကဒ်	[illegible]	[illegible]
9.	1 Litre	90 ကဒ်	[illegible]	[illegible]
10.	1 Litre	100 ကဒ်	[illegible]	[illegible]
11.	1 Litre	110 ကဒ်	[illegible]	[illegible]
12.	1 Litre	120 ကဒ်	[illegible]	[illegible]
13.	1 Litre	130 ကဒ်	[illegible]	[illegible]
14.	1 Litre	140 ကဒ်	[illegible]	[illegible]
15.	1 Litre	150 ကဒ်	[illegible]	[illegible]
16.	1 Litre	160 ကဒ်	[illegible]	[illegible]

1 Litre, 0.5 Litre, 0.6 Litre, 20 Litre, PET ... 1 Litre Preform tube (29g), 0.5 Litre Preform tube (18g) ...

၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်တန်းဖြေဆိုထားသော ကျောင်းသူ/ ကျောင်းသားများ မိဘများအတွက်ကြိုတင်ပြင်ဆင်နိုင်ရန်

FREE CONSULTATION

နိုင်ငံတကာ တက္ကသိုလ်များ၏ နိုင်ငံတကာ အဆင့်ဘွဲ့ များကို ပြည်တွင်းမှာပင် ကုန်ကျစရိတ် သက်သာစွာဖြင့် ဆင်ယူနိုင်ရန်

MCC TRAINING INSTITUTE

- School of Computing မှ ကွန်ပျူတာ သိပ္ပံဘွဲ့များ
- School of Engineering မှ အင်ဂျင်နီယာ သိပ္ပံဘွဲ့များ
- School of Business Management မှ စီမံအုပ်ချုပ်မှု ပညာဘွဲ့များ
- School of Economics မှ စီးပွားရေး ပညာဘွဲ့များ
- School of Environment and Natural Resources Management မှ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်း စီမံခန့်ခွဲရေးဆိုင်ရာဘွဲ့များ

- Tatanarpon Campus - Mr. Chris Harrison
  02-78112, 02-78113, 02-78114
- Yangon Campus
  01-245762, 01-249152, CEO
  01-395512, 01-246634 CEO
- Mandalay Campus
  02-77938, 09-91034062 Dean

... Booking ...

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက-၆၊ ဒုတိယတန်း ကျောင်းဝင်အမှတ်(၄၀၂၄/၀၉)မှ မောင်အောင်ကျော်ဝင်း၏ဖခင်အမည်မှန်မှာ ဦးဟန်ချင်းလျံ ၁၃/လရန(နိုင်)၁၉၂၇၃၄ ဖြစ်ပါသည်။

မိဘအမည်မှန်

လားရှိုးမြို့၊ အထက-၆၊ ပဉ္စမတန်းနေ မောင်ကျော်သူရိန်နှင့်မောင်ရဲကျော်သူ၊ တတိယတန်းနေ မကေသီမြင့်တို့၏ မိဘအမည်မှန်မှာ ဦးဟွမ်မြင့်ကွမ်းနှင့် ဒေါ်ကျန်းကျောင်ချင်း ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဇလမ်း၊ မြေကွက်အမှတ်၂၆၆အမည်ပေါက်ဦးမြင့်အောင်(ကွယ်လွန်)နှင့် ဇနီးဒေါ်အုန်းမြင့်တို့နှစ်ဦးအမည်ပေါက် မြေကွက်နှင့်နေအိမ်အား ဒေါ်အုန်းမြင့်ထံမှ ပေ(၄၀×၆၀)အနက်မှ ပေ(၂၆×၆၀)ကို ကျွန်တော်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်ချို့အား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းစရန်ငွေပေးသောမြေကွက်နှင့်နေအိမ်တို့အား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ဆက်သွယ်နိုင်ပါသည်။ ၎င်းသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းမင်းမြင့်
အမှတ် ၄၅၅၊ သုမနလမ်း၊ ၁၆/၃ရပ်ကွက်၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၃၂၈၉၀။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၄၃၈

ဦးရာကေ့ရှ်(ခ)အောင်အောင် (၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူ-ဦးရှူစီးလ်ကူးမား) **နှင့်** ၁။ ဦးကံစိန် ၂။ ဦးသိန်းတန် ၃။ ဒေါ်အပ်ဖင်း(ခ) ဒေါ်အန်ဖိန်း

တရားလို **တရားပြိုင်များ**

ဦးကံစိန် အမှတ် တတ-၇/၂၃၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးစေရန်နှင့် လက်ရောက် ရထားပြီးသည့် ဥပစာပေါ်မှ တရားပြိုင်များအား ဖယ်ရှားနှင်ထုတ်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့် အရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဇွန်၁၆ရက် (၁၃၇၃ခုနှစ် နယုန်လပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မေ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးစီးအရာရှိ
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်။

ရောင်းမည်

၁။ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ ပေ(၂၅×၆၀)၊ တောင်ဥက္ကလာ။
၂။ (၃)ရပ်ကွက်၊ ပေ(၄၀×၆၀)၊ တောင်ဥက္ကလာ။
ဖုန်း-၀၉-၅၁၉၈၈၆၆။

သင့်သွေးဖြင့် အသက်ကယ်ပါ

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲအတွက် မေ ၃ ရက်က ဒေါက်တာမျိုးဆွေကြည်-ဒေါက်တာတင်တင်လှိုင်၊ သား ဒေါက်တာသောင်းထိုက်၊ သမီး မခင်လေးကြည်၊ မျိုးမျိုးသန့်၊ မြေး အာကာအောင် နိဗ္ဗာန်ဆုမိသားစုတို့က ငွေကျပ် ၆၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၀၇)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်းပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို မေ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမင်းကျော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး တာချီလိတ်မြို့၌ ကွင်းဆင်းဆောင်ရွက်

တာချီလိတ် မေ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧရိယာ မှန်ကန်ရေးလုပ်ငန်းစီမံချက်အရ မိုင်းဖုန်း (က) ကျေးရွာအုပ်စုအတွင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထင်၊ ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်ဦးနှင့် မြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးရဲရင့်ထွဋ်တို့ မေ ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(မြန်မာ့အလင်း)

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်းမထားနှင့်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဆီယံန် ဘွန်ဗွတ်သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သံအမတ် ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဆီယံန် ဘွန်ဗွတ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

၂၄-၅-၂၀၁၁

ချောက်မြို့ ၄၂ ဒီဂရီစင်တီဂရိတ်

မိုးရွာသွန်းမှုများ ၂၄-၅-၂၀၁၁

နေပြည်တော်(ပျဉ်းမနား)	၀ ဒသမ ၈၃ လက်မ
မြိတ်မြို့	၁ ဒသမ ၈၅ လက်မ
လှိုင်ကော်မြို့	၁ ဒသမ ၇၇ လက်မ
ပေါင်မြို့	၁ ဒသမ ၇၇ လက်မ
ထားဝယ်မြို့	၁ ဒသမ ၄၂ လက်မ
ဟုမ္မလင်းမြို့	၁ ဒသမ ၀၆ လက်မ